**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**

**မဟာဘွဲ့သင်တန်းများအတွက်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)က ဖွင့်လှစ် မည့် အောက်ပါမဟာဘွဲ့သင်တန်းသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်-

(က) အသုံးချသုတေသနပညာမဟာဘွဲ့ (MAR) သင်တန်း

(ခ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့(MBA) သင်တန်း

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက် ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။

(ဂ) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းသို့တက်ရောက် ခွင့်ပြုကြောင်း ထောက်ခံစာပါရှိရမည်။

(ဃ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ပြီး Online သင်တန်း ဖြစ်သည့်အတွက် လိုအပ်သောနည်းပညာများအား ကောင်းစွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော လျှောက်လွှာပုံစံများကို သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်(စစ်ကိုင်း)၊ သင်တန်းရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) မိမိလျှောက်ထား လိုသည့် သင်တန်း၏ Online မှဖြစ်စေ ၂၇-၂-၂၀၂၃ ရက်မှ စတင်ရယူ၍ ၇-၄-၂၀၂၃ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ဘွဲ့လက်မှတ်(သို့)ယာယီဘွဲ့ထောက်ခံစာ

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်

(ဃ) ပညာအရည်အချင်းထောက်ခံချက်နှင့် လုပ်ငန်းအတွေ့အကြုံလုပ်ဆောင်ချက်

(င) ပတ်စ်ပို့ဓါတ်ပုံ(၄)ပုံ

မှတ်ချက်။ ပူးတွဲပါစာရွက်စာတမ်းများသည် မူရင်းကို scan ဖတ်ထားသောမိတ္တူများ ဖြစ်ရပါမည်။

၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၃၀-၄-၂၀၂၃ ရက် တနင်္ဂနွေနေ့ တွင် Online မှဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းနှင့် လူတွေ့အချိန်စာရင်းကို ၂-၅-၂၀၂၃ ရက်တွင် ထုတ်ပြန်ပါမည်။

၅။ သင်တန်းတက်ရောက်မှုအချိန်စာရင်းမှာ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့ (နံနက် ၉း၀၀ နာရီမှ ညနေ ၅း၀၀နာရီ) အထိဖြစ်ပြီး သင်တန်းကာလမှာ (၂) နှစ် ဖြစ်ပါသည်။

၆။ ဆက်သွယ်ရန်ဖုန်းနံပါတ် နှင့် အီးမေးလ်များ - MAR - 09897752047, 072-2023021
statsdeptucms@gmail.com
MBA - 09897752046, 072-2023023
mgt.ucms.sagaing@gmail.com

၇။ အသေးစိတ်သိရှိလိုပါက - သင်တန်းရေးရာဌာန
Ph- 09-427906170, 072-2023015
Email- ucmsexam22@gmail.com

၈။ လျှောက်ထားမှုနှင့်ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို https://www.ucmsonlinestudy.org/ နှင့် Facebook Page: University of Co-operative and Management, Sagaing တို့တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

၉။ သင်တန်းသားဦးရေ ကန့်သတ်ထား ရှိပါသည်။

ဌာနမှူး၊ သင်တန်းရေးရာဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)